ရွှေလှေကျေးရွာအုပ်စု၊ ရွှေလှေကျေးရွာ

ချောင်းဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွှေလှေကျေးရွာ၊ ချောင်းဦးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကျေးရွာသယံဇာတပြန်လည်ပုံ ၄

ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက် နှင့် စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၈

(က) ကုန်စည်နှင့်ဝန်ဆောင်မှု စျေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်ကျင်သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာ ၉

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲဇယားများ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၂-၁၃
စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ၁၄
ကော်မတီဝင်များစာရင်း ၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေလှေကျေးရွာ၊ချောင်းဦးမြို့နယ်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊စက်တင်ဘာ လ( )ရက်

ရွှေလှေကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီ အစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်း များတို့ကိုချိတ်ဆက်ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ရွှေလှေကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော

အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွှေလှေကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း ချောင်းဦးမြို့၏အနောက်တောင်ဘက်(၁၈)မိုင်အကွာတောကျောင်းကြီး-အမြင့်လမ်းမကြီးပေါ်တွင် တည်ရှိပြီး ဆက်သွယ်သွား လာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး ချင်းတွင်းမြစ်ကမ်း နံဘေးရွာဖြစ်၍ နှံးတင်မြေနုလယ်မြေများတွင် မြေအောက်ရေနှင့်မြစ်ချောင်းရေကို စိုက်ပျိုးရေအဖြစ် လွယ်ကူစွာ အသုံး ပြုနိုင် ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မ (၃၀) နှင့် လက်မ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက(၈၈၈.၁၅)ဧကခန့်ရှိပြီး စပါး၊မြေပဲ၊ ကုလားပဲ၊ဂျုံ၊နှမ်းနှင့် ပဲတီစိမ်း သီးနှံများ အဓိက စိုက်ပျိုးပါသည်။ သဘာဝပေါက်ပင် များမှာ တမာ၊ မန်ကျည်း၊ ထန်းပင်၊ ထနောင်း၊ ဆူးဖြူပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး အဓိကခိုင်းနွားများအတွက် အစာများဖြစ်သည့် ကောက်ရိုး၊ မြက်တို့ကို လွယ်ကူစွာရရှိနိုင်၍ စားကျက်မြေသီးသန့်မြေမရှိပါ။ ဆေးဘက်ဝင် အပင်များမှာ သာမန်အတွေ့ ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၅၂၈)ရှိပြီး၊ စုစုပေါင်းလူဦးရေ(၂၃၄၄)ဦး၊ ကျား (၁၁၁၇)ဦး၊မ(၁၂၂၇)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိ လူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်း လူဦးရေ (၁၆၃၀)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက်သာသနာ့ရေးရာအဖွဲ့နှင့် လူငယ်အဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ကိုလည်း ၂၄ နဦရီဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင် လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့

အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး ဝင်ငွေ အနေအထား မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု(၅၅)စုသည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊၂၁၈ သည်မပြေလည်သောအိမ်ထောင်စု ၊၁၈၃ သည် အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် (၇၂)စုသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး၊ လက်လုပ် လက်စားများ သာဖြစ်ကြသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ လက်လှမ်းမီမှု၊ မြေအောက်ရေတို့ဖြင့်စိုက်ပျိုးရေနိုင်ကြောင့် စိုက်ပျိုးရေးအနေအထားကောင်းမွန်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်ယာမြေဧကပေါင်း (၈၈၈.၁၅)ရှိပြီး၊စပါး၊ကုလားပဲ၊ ပဲစိမ်းငုံ၊ နှမ်းနှင့် ဝါသီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ရွှေလှေကျေးရွာ၏ အဓိကသီးနှံမှာ စပါး၊ကုလားပဲ၊ ပဲစိမ်းငုံ။ နှမ်းနှင့် ဝါသီးနှံ စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ အဓိက စပါးမှာ တစ်ဟက်လျှင် အနည်းဆုံး(၆၀)တင်း၊ အများဆုံး(၈၀)တင်းနှင့် ပျှမ်းမျှ (၆၅)တင်းထွက်ရှိသည်။ ကုလားပဲတစ်ဧကလျှင် အနည်းဆုံး(၇)တင်း၊ အများဆုံး(၁၂)တင်းနှင့် ပျှမ်းမျှ(၁၀)တင်းထွက်ရှိပါသည်။ ပဲစိမ်းငုံတစ်ဧကလျှင် အနည်းဆုံး(၆)တင်း၊ အများဆုံး(၁၀)တင်းနှင့် ပျှမ်းမျှ(၈)တင်းထွက်ရှိပါသည်။ နှမ်းတစ်ဧကလျှင် အနည်းဆုံး(၇)တင်း၊ အများဆုံး(၁၀)တင်းနှင့် ပျှမ်းမျှ(၈)တင်းထွက်ရှိပါသည်။ဝါတစ်ဧကလျှင် အနည်းဆုံး(၅၀၀)တင်း၊ အများဆုံး(၇၀၀)တင်းနှင့် ပျှမ်းမျှ(၄၀၀)တင်းထွက်ရှိပါသည

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ရွှေလှေကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် သိုး၊ဆိတ်၊ဝက်၊ကြက်တို့ကို တပိုင်တနိုင် မွေးမြူကြပြီး နွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန် အဓိကထား မွေးမြူကြသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(c) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ရွှေလှေကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး နေ့စားလုပ်သားများ၊ လက်သမား၊ပန်းရံလုပ်သားများ၊ဈေးဆိုင်၊အလှပြင်ဆိုင်၊ဆိုင်ကယ်ပြင်ဆိုင်နှင့် အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။လက်သမား၊ပန်းရံလုပ်ငန်း အဓိကထားလုပ်ကိုင်သော အိမ်ထောင်စု(၅)စုရှိပြီး၊ အလုပ်သမား(၂၀၀)ဦးဖြင့်လည်းကောင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း(၁)ဦးရှိပြီး၊ ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ်အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ရွှေလှေကျေးရွာသည် တောကျောင်ကြီး-အမြင့်လမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ရွှေလှေကျေးရွာတွင် ရွာတွင်းဈေးရှိပြီး အကြီးစားဈေးကွက်အဖြစ် ချောင်းဦးမြို့တွင် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများအားလုံး အလွယ်တကူနှင့်ဝယ်ယူရရှိနိုင်ပါသည်။ချောင်ဦးမြို့နှင့် (၁၈)မိုင်ခန့်ကွာဝေးပြီးလွယ်ကူစွာသွားလာ နိုင်ပါသဖြင့် ဈေးကွက်ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ရွှေလှေကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် စက်ဘီး (၄၈၅)စီး၊ မော်တော် ဆိုင်ကယ်(၆၃၂)စီး၊ ထော်လာကျီ (၁၀)စီး၊ နွားလှည်း(၈၃)စီး လှေ(၃)စီး အသုံးပြုလျှက် ရှိပါသည်။

မဟာဓါတ်အားလိုင်း သွယ်တန်းရရှိပြီးဖြစ်သဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်သော အိမ်ထောင်စုမှာ (၁၃၉)စုရှိပြီ တစ်အိမ်သုံးဆိုလာစနစ်ကိုအသုံးပြုသော အိမ်ထောင်စုမှာ (၃၈၉)စုရှိပြီး အသုံးမပြုနိုင်သောအိမ်ထောင်စုမှာ (၈.၅)ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာရှိအိမ်တိုင်းသည် လက်ကိုင်ဖုန်းများ အသုံးပြုနေကြပြီဖြစ်ပါသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်အတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထားသဖြင့် ဆက်သွယ်ရေး ကောင်းမွန်ပါသည်။

၆။ ပညာရေး

ရွှေလှေကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၂၁၈)ဦး၊ အလယ်တန်း ကျောင်းသားပေါင်း(၁၅၄)ဦး၊ အထက်တန်း ကျောင်းသား(၈၉)ဦးနှင့်တက္ကသိုလ်၊ ကောလိပ်ကျောင်းသား(၃၂)ဦးရှိပြီး မူလတန်း– 10 –နှင့် အလယ်တန်းကျောင်းသူ/သားများမှာ ကျေးရွာရှိအလယ်တန်းကျောင်းတွင် တက်ရောက်ပြီး အထက်တန်းကျောင်းသူ/သားများမှာတောကျောင်းကြီးကျေးရွာ ကျောင်းသို့ တက်ရောက်ကြပါသည်။– 10 –

ကျေးရွာတွင်စာသင်ကျောင်းဆောင်(၃)ဆောင်ရှိပြီး အကျယ်အဝန်မှာ (၂၅၂၉၈)စတုရန်းပေရှိပါသည်။ ကျောင်းဆောင်များမှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာ/မစုစုပေါင်း(၁၅)ဦးရှိပြီး အင်အားလုံလောက်မှု ရှိပါသည်။ ကျောင်းဝန်းအုတ်တံတိုင်းမှာ ပျက်စီးနေပါ၍ ကျောင်းဝန်းလုံးခြုံမှုမရှိသည်ကိုတွေ့ရပါသည်။ တက္ကသိုလ်ကျောင်းသား/သူများမှာ မုံရွာတက္ကသိုလ်သို့ သွားရောက်တက်ရောက်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွှေလှေကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တက်သောဝမ်းပျက်ဝမ်းလျော ရောဂါ၊ ရာသီတုပ်ကွေး ရောဂါများရာသီ အလိုက်ဖြစ်ပွာတတ်ပြီး အသက်(၄၀) ကျော်အရွယ်များမှာ သွေးတိုးရောဂါဖြစ်ပွားမှုများပါသည်။ အခြား ရောဂါ များ ဖြစ်သော အသက်ရှူလမ်းကြောင်း၊ ကူးစက်ရောဂါ၊ အသည်းရောဂါ (ဘီ၊စီ)HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး ကိုယ် ဝန်ဆောင် မိခင်များ နှင့် ကလေး ငယ်များ အတွက် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ အရေးပေါ်အခြေအနေ ဖြစ် ပါက ချောင်းဦးမြို့နယ်နှင့်မုံရွာဆေးရုံသို့ သွားရောက် ကုသကြပါသည်။

သောက်သုံးရေအတွက် မြေအောက်ရေ၊ အဝီစိစက်တက်၊တုံကင်တွင်းများ၊ မိုးရေလှောင်ကန် များအသုံးပြုကြပါသည်။ဝါဆို ဝါခေါင်ရေကြီးတက်သောလများတွင် သောက်သုံးရေ အရင်းအမြစ်သို့ မကောင်းသောရေဆိုးများ ဝင်ရောက်ခြင်းကြောင့် သောက်သုံးရေ ခက်ခဲမှုရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၅၂၈)စုရှိပြီး၊ယင်လုံအိမ်သာ(၇၂၅)လုံး ရှိပါသည်။အချို့ အိမ်ထောင်ငယ် များမှာ မိဘများအိမ်တွင် အတူသုံးစွဲကြပါသည်။တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲမှု ကြောင့် ကူးစက်ရောဂါ ဖြစ်ပွား မှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာရှိ သဖြင့် ကျောင်းသား /သူ များအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွှေလှေကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအနေဖြင့် မတွေ့ရှိရပါ။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု မှာ (၅၀%)ရှိပြီး ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး လုပ်သား

အဖြစ် အဓိက ဝင်ရောက်လုပ်ကိုင်ကြပါသည်။အကြွေးတင်ရှိမှုရှိသော အိမ်ထောင် စုအချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန့်မာ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမအသင်းတို့မ ှချေးငွေများ ချေးယူကြပါသည်။ ချေးငွေများ ကိုစားသုံးရန် ကျန်းမာရေး၊ ပညာရေး၊စိုက်ပျိုးရေးစရိတ် တို့အတွက် သုံးပြုပါသည်.။

အချို့နှစ်များတွင် ရာသီဥ တုဖောင်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါ သည်။ စိုက်ပျိုးမြေဆီလွှာပျက်စီးမှုရှိပြီးပံ့ပိုးပစ္စည်းများစွာအသုံးပြုရပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးရရှိမှုမှာ မြေအောက်ရေမှအလွယ်တကူရရှိပါသည်။ သောက်သုံးရေမှာ တစ်နှစ်ပါတ်လုံး ရရှိပါသည်။သစ်တောပြုန်းတီးခြင်း အသင့်တင့်ဖြစ်ပေါ်လေ့ ရှိပါ သည်။

၉။ ကျား-မ ရေးရာ

ရွှေလှေကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု လျော့နည်းသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မ တန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ်	အကဲဖြတ်	အကဲဖြ	အကဲဖြ	အကဲဖြ	ရမှတ်	ဦးစား

	အမှတ် ပေးသူ (၁)	အမှတ် ပေးသူ (၂)	တ် အမှတ် ပေးသူ (၃)	တ် အမှတ် ပေးသူ (၄)	တ် အမှတ် ပေးသူ (၅)	ပေါင်း	ပေး အဆင့်
၁။ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂။ ကျေးရွာ တွင်း မီးသင်္ဂြိုလ်စက်တည် ထောင်ခြင်း	၁၀	၁၀	၉	၁၀	၉	၄၈	၂
၃။စာသင်ကျောင်း အုတ်တံတိုင်းကာရံ ခြင်း	၁၀	၁၀	၈	၈	၁၀	၄၆	၃
၄။ မီးသတ်ကားဝယ် ယူခြင်း	၁၀	၈	၁၀	၈	၈	၄၄	၄

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်-

စီမံကိန်း	ဦးစား ပေး	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂

	အဆင့်					
၁။ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✔	✔	-	-	-
၂။ ကျေးရွာ တွင်း မီးသဂြိုလ်စက်တည်ထောင်ခြင်း	၂	-	-	✔	-	-
၃။စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း	၃	-	-	-	✔	-
၄။ မီးသတ်ကားဝယ် ယူခြင်း	၃	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မကျီးခွကျေးရွာအုပ်စု၊ မင်းခေါင်ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာ တွင်းရှိ ရွာလယ်လမ်းမကြီး ပျက်စီးခြင်း	ကျေးရွာလယ်လမ်းမသည် မြေသားလမ်း ဖြစ်၍ မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များ ထူထပ်ခြင်း ကြောင့် ကျေးရွာနေပြည်သူ များနှင့်ကျောင်းသူ/သားများ သွားလာ ရာတွင် ခက်ခဲခြင်း	ကျေးရွာသူ/သားများ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ်အားနှင့်ငွေကြေးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည် ရန်ပုံငွေ မရှိခြင်း။	ကျေးရွာ လယ်လမ်းအား မြေသားလမ်း အဖြစ်မှ အဆင့်မြှင့်တင်ခြင်း။	ကျေးရွာလယ်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း

၂	ကျေးရွာတွင် သုသာန်မြေနေရာ ကျဉ်းခြင်း	ကျေးရွာတွင် နာရေးဖြစ်ပေါ် ပါက သုသာန် မြေနေရာကျဉ်း ခြင်း ကြောင့် အခက်အခဲများ ဖြစ်ခြင်း	-	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျေးရွာတွင် မီးသင်္ဂြိုလ်စက်တည် ထောင်ခြင်း	ကျေးရွာတွင် မီးသင်္ဂြိုလ်စက်တည် ထောင်ခြင်း
၃	စာသင်ကျောင်း ကျောင်းဝန် မလုံခြုံခြင်း	ကျေးရွာရှိ အလယ်တန်းကျောင်းမှာ အုတ်တံတိုင်းကာရံလျှက်ရှိရာ အရှေ့ဖက်တစ်ခြမ်းသာ ကာရံနိုင်ပြီး ကျန်အပိုင်းများ ကို ကာရံနိုင်ခြင်းမရှိသေးပါ ကြောင့်ကျောင်းဝန်မလုံခြုံ ခြင်း	စာသင်ကျောင်း အရှေ့ဖက်ခြမ်း အုတ်တံတိုင်းကာ ရံပြီး	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	စာသင်ကျောင်း အုတ်တံတိုင်းအား အပြီးသတ် ကာရံခြင်း	စာသင်ကျောင်း အုတ်တံတိုင်းအား အပြီးသတ် ကာရံခြင်း

၄	အပူပိုင်းဒေသဖြစ်သော ကြောင့် မီးဘေးအန္တရယ် ကျရောက်တက်ခြင်း	ကျေးရွာတွင် နွေရာသီ ပူပြင်းခြောက်သွေ့သော ရာသီ၌ မီးလောင်မှုများ ဖြစ်ပွားတက်သောကြောင့် မီးဘေးစိုးရိမ်ရခြင်း	ကျေးရွာမှ ငွေကြေး အချို့ ပါဝင်နိုင် ခြင်း	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျေးရွာပိုင်မီးသတ်ကား ထူထောင်ခြင်း	ကျေးရွာပိုင်မီးသတ်ကား ထူထောင်ခြင်

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ရွှေလှေကျေးရွာ
ကျေးရွာအုပ်စု	- ရွှေလှေကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၅၀၀'×၁၂' ×၆")

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ

- လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။
- မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။
- မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသား/သူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊
- ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ ဝင်ထွက်သွားလာနေရခြင်း။
- မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။
- မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။
- ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။
- ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ)

- လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၁၅၀၀'×၁၂' ×၆")
  ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေ ငွေကျပ်(၂၂၃၂၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၁၂၃၂၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၁၁၁၇	၁၂၂၇	**၂၃၄၄**	၇၂	၁၈၃	၂၁၈	၅၅	**၅၂၈**
အကျိုးခံစားမည့်သူဦးရေ	၁၁၁၇	၁၂၂၇	**၂၃၄၄**	၇၂	၁၈၃	၂၁၈	၅၅	**၅၂၈**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း -

(၃)စီမံချက်ပြီးစီးမည့်အချိန် -

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

ကွန်ကရစ်လမ်းခင်းခြင်း (၁၅၀၀'×၁၂' ×၆") လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၂၂၃၀၀၀၀/-) တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၁၁၃၂၀၀၀၀/-) ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

မကျီးခွကျေးရွာအုပ်စု၊ မင်းခေါင်ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးခင်မောင်ဇင်	-	၅/ခဥတ(နိုင်)၀၈၁၄၄၉	၄၂	ဥက္ကဋ္ဌ	၀၉-၄၅၀၉၃၀၁၅၄
၂	ဦးစိုးနိုင်	ဦးမြင့်	-	၄၀	အတွင်းရေးမှူး	၀၉-၄၂၄၀၆၆၉၄၃
၃	ဒေါ်ခင်ညိုသန့်	ဦးမြတ်ထွန်း	၅/ခဥတ(နိုင်)၁၆၁၃၃	၃၃	ဘဏ္ဍာရေးမှူး	၀၉-၂၅၀၅၅၅၈၉၂
၄	ဒေါ်ဝေဝေလွင်	ဦးကြည်လွင်	၅/ခဥတ(နိုင်)၀၆၁၈၀၇	၃၀	စာရင်းကိုင်	၀၉-၉၆၆၅၃၂၃၃၆
၅	ဦးအောင်နိုင်ဦး	ဦးသန်းမြ	၅/ခဥတ(နိုင်)၀၀၅၃၁၃၄	၄၀	သော့ကိုင်-၁	၀၉-၇၉၁၁၇၇၁၂၉
၆	ဦးမောင်ချမ်း	ဦးအောင်ပို	၅/ခဥတ(နိုင်)၀၄၉၂၄၆	၄၀	သော့ကိုင်-၂	၀၉-၉၇၃၂၁၃၈၄၁
၇	ဒေါ်ခင်ချိုဝင်း	ဦးကြည်ခင်	၅/ခဥတ(နိုင်)၀၅၈၅၀၆	၄၅	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၃	၁၃	၃၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၆၈	၇၁	၁၃၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉၄	၈၂	၁၇၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၉	၁၀၀	၁၉၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၆၂	၈၆၈	၁၆၃၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၇၁	၉၃	၁၆၄
စုစုပေါင်း		**၁၁၁၇**	**၁၂၂၇**	**၂၃၄၄**
စုစုပေါင်း အိမ်ထောင်စု		**၅၂၈**		

ရင်းမြစ်....(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ရွှေလှေကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၂၈)စုရှိပြီး လူဦးရေစုစုပေါင်း(၂၃၄၄)ဦးရှိပါသည်။အလုပ်လုပ်နိုင်သောလူဦးရေမှာ(၁၆၃၀)၊အလုပ်မလုပ်နိုင်သော ကလေးသူငယ်များနှင့် သက်ကြီးရွယ်ကြီးဦးရေမှာ (၃၃၉)ဦးရှိပြီး ကျောင်းနေအရွယ်ဦးရေမှာ (၃၇၅)ဦးရှိပါသည်။

(၂) သဘာဝအရင်းအမြစ် နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့်ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
လယ်မြေ	၃၄၃.၂၁	သင့်	ရ	မြေအောက်ရေနှင့်ချောင်း
ယာမြေ	၅၂၇.၅၄	သင့်	ရ	မြေအောက်ရေနှင့်ချောင်း
ဥယျာဉ်ခြံမြေ	၁၇.၅၀	သင့်	ရ	မြေအောက်ရေနှင့်ချောင်း
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်)
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၈၈၈.၁၅	-	-	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရရှိသည့် အရင်းအမြစ်အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ၊ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ရွှေလှေကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း (၈၈၈.၁၅) ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေ ရရှိမှုမှာ ချောင်းရေ၊ မြစ်ရေနှင့်မြေအောက်ရေများ အသုံးပြုရပြီး ရေရရှိမှု လွယ်ကူပါသည်။

2.2ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓာတ်ငွေ့၊ ရေနံ)	-	-
ဓါတ်သတ္တု (ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)စသည့်	သင့်	-
အခြားသဘာဝအရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ	-	-

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
(လူ၊ တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)		
ပျမ်းမျှအပူချိန်-30°C–40°C	ပျမ်းမျှမိုးရေချိန်- လက်မ ၃၀ - လက်မ ၄၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

J

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ရွှေလှေကျေးရွာတွင် ဓာတ်သတ္ထုနှင့် အခြား သဘာဝ အရင်းအမြစ်များ မရရှိပါ။ ကျောက်၊သဲများကို နီးစပ်ရာအရင်းအမြစ်များမှ အလွယ်တကူဝယ်ယူ ရရှိနိုင်ပါသည်။

(၃)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ဖြူစင်မေတ္တာ	၁□ ၂Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာရှိ ကျန်းမာရေး အထောက်အကူပြုသောအဖွဲ့
၂	ပရဟိတ	၁□ ၂□ ၃ Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ သာရေး၊ နာရေးအတွက် အထောက်အကူပြုသောအဖွဲ့
၃	ဓမ္မစကူးလ်	၁□ ၂□ ၃Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်ကလေးသူငယ်များ ၏ ပညာရေး၊ဘာသာရေး နှင့်ယဉ်ကျေးမှု အတွက် အထောက်အကူပြုသောအဖွဲ့
၄	မီးသတ်	၁□ ၂Â ၃□	ပညာရေး □ ငွေကြေး □	ကျေးရွာ၏ မီးဘေးလုံခြုံရေးကို

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကာကွယ်သောအဖွဲ့
၅	သန့်ရှင်းရေး အဖွဲ့	၁□ ၂ □ ၃ Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ ကျန်းမာသန့်ရှင်းရေး အတွက် ဆောင်ရွက်ပေးသော အဖွဲ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ရွေလှေကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းများကို ကဏ္ဍစုံပါဝင်အောင် ဖွဲ့စည်းထားပါသည်။

(၄)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက အထက်	၇ ဧက နှင့် ၅ ဧက ကြား	၃ ဧက အောက်	မရှိ
အိမ်အခြေအနေ	RC(၁ထပ်–၂ထပ်)	နံကပ်	သွပ်မိုးပျဉ်ထောင်	သွပ်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထွန်စက်	ကွန်ဒေါင်း	ရေစုပ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူငယ်နှင့် ဈေးဆိုင်	ကျပန်း
အိမ်ထောင်စု	၇၂	၁၈၃	၂၁၈	၅၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ရွှေလှေကျေးရွာ အိမ်ထောင်စုပေါင်း(၅၂၈) စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၇၂)စု၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၈၃)စု၊ မပြေလည်သော အိမ်ထောင်စု(၂၁၈)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၅၅)စုရှိပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ မြေယာမဲ့ဖြစ်ပြီး လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။

၄

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု (%)	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	၂၅၉မြေယာမဲ့	၂၅၉	၅၀%	မြေမဲ့ယာမဲ့
၂	၂.၅ ဖဝကေအောက်(၁ဟတ် တာထိ)	၆၁	၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ ကေမှ ၅ ကေ ကြား (၂ ဟတ်တာထိ)	၈၀	၈%	တောင်သူငယ်
၄	၅ ကေမှ ၁၂.၅ ကေ ကြား (၅ ဟတ်တာထိ)	၈၆	၉%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ကေ အထက် (၅ ဟတ်တာနှင့်အထက်)	၄၂	၄%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၅၂၈	၇၅%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမား အုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ရွှေလေ့ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၇၁.၅%)၊ ဆင်းရဲသားတောင်သူအိမ်ထောင်စု(၇%)၊အလယ်အလတ်ရှိသောတောင်သူအိမ်ထောင်စု(၁၈%) နှင့် အဆင့်ပြေ သောအိမ်ထောင်စု(၃.၅%)ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူ နစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	
စပါး	၇၁	တင်း	၆၀	၈၀	၆၅	သင့်
ပဲစိမ်းငုံ	၉၀	တင်း	၇	၁၂	၁၀	နည်း
ကုလားပဲ	၇၀	တင်း	၇	၁၀	၈	သင့်
နှမ်း	၄၅	တင်း	၆	၁၀	၈	သင့်
ဝါ	၂၆	ဝိဿ ဝ	၅၀၀	၇၀၀	၄၀၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ (၄)မျိုးရှိပါသည်။ တောင်သူများသည် ရာသီဥတုနှင့် ဈေးကွက်ရရှိမှုကောင်းပါက အကျိုးအမြတ်ရှိပြီး ရာသီဥတု နှင့် ဈေးကွက်မရှိပါက အရှုံးပေါ်မှု များဖြစ်ပေါ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၆	၄၄
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁	၂
ကြက်	-	-
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း	-	-
ငါးကန်	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလှေကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကို စိုက်ပျိုးရေး လုပ်ငန်းများတွင် ခိုင်းစေရန် အဓိကထားမွေးမြူကြသည်။

(၄.၄) စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများကဏ္ဍ

ဇယား (၉)စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သောလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်/လတ်/မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၂၀	-	၂၀	လတ်
၅	ယာဉ်၊ စက်ကိရိယာနှင့် အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	၃	-	၃	နိမ့်
၇	လက်လီ- လက်ကား ရောင်းဝယ်ရေး	၂၃	-	၂၃	လတ်

၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအတွက်**	**ဝန်ထမ်း/ အလုပ်သမား အရေအတွက်**	**မိသားစုဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နှိမ့်/လတ်/မြင့်)နှင့် ရှင်းလင်းဖော်ပြချက်**
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၇	-	၇	လတ်
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေး လုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ်..... ဦးတည်အုပ်စု ဆွေးနွေးခြင်း_ ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလှေကျေးရွာတွင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် နေ့စားလုပ်သားအဖြစ် လက်သမား၊ ပန်းရံလုပ်ငန်းများ နှင့် စိုက်ပျိုးရေးလုပ်သားများအဖြစ် လုပ်ကိုင်သူ များရှိပါသည်။ အပ်ချုပ်လုပ်ငန်း၊အလှပြင်ဆိုင် ၊ လက်လီလက်ကာရောင်းဝယ်ရေးအချို့ လုပ်ကိုင်ကြပြီး ပညာရေးဝန်ထမ်းအချို့ရှိပါသည်။

(၅)အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဧယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် Â ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □၁၀၀မိုင်အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□ စက်ဘီး Â ဆိုင်ကယ် Â ကား/ထော်လာကျီ Â ရထား □သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် Â ကား/ထော်လာကျီ Â ရထား □သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလှေကျေးရွာ မှ အနီးဆုံးဈေးဖြစ်သော အမြင့်ဈေးသို့သွားရောက် ဝယ်ယူကြပြီးအကြီးစားဈေးကွက်အဖြစ် ချောင်းဦးဈေးနှင့်မုံရွာမြို့များသို့ သွားရောက်ဝယ်ယူကြပါသည်။ ဈေးကွက်ဝန်ဆောင်မှုမှာ ကောင်းမွန်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁Â ၂ □ ၃□ ၄□ ၅□	ကောင်း□ သင့် □ညံ့Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁Â ၂ □ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့Â	ပွင့်လင်း ရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁Â ၂ □ ၃□ ၄□ ၅Â	ကောင်း□ သင့် Â ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး Â	၀-၁ မိုင် □ ၁-၅ မိုင် Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့ကျေးရွာတွင် အသုံးပြုသောလမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲပါသည်။ ရွာတွင်းလမ်းမှာ မိုးရာသီတွင် ရဟန်သံဃာများ ဆွမ်းခံကြွရာတွင်လည်းကောင်း ၊ကျောင်းသူ/သားများ သွားလာရာတွင်လည်းကောင်း ခက်ခဲဖြစ်ပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အနီးဆုံးမြို့နှင့် အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐

မှတ်ချက်။ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့ကျေးရွာတွင် မြစ်ကြောင်း ပင်လယ်ရေကြောင်း မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာဂျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁၀၃	၆၀၂	၅	-	၁၀	-	၂၅၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လှေလာတွေ့ရှိချက်။ ။ ရွှေလှေကျေးရွာတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများပြားပြီး စက်ဘီး အသုံးပြုသူ အချို့နှင့် ထော်လာဂျီ ပိုင်ရှင်တစ်ချို့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နွားလှည်း အသုံးပြုသူ များလည်း ရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၄၇၀
ဆိုလာစနစ်	-
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၅၈

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေလှေကျေးရွာတွင် မဟာဓါတ်အားလိုင်း သွယ်တန်ပြီးဖြစ်ပြီး လျှပ်စစ်မီး အသုံးပြုနိုင်သော အိမ်ထောင်စု (၄၇၀)စုရှိပြီး အသုံးမပြုနိုင်သောအိမ်ထောင်စု(၅၈)စုရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၇၈၉	၂၇	၄၆၀

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ရွှေလှေကျေးရွာတွင် ဆက်သွယ်ရေးလိုင်းကောင်းမွန်သောကြောင့် ဖုန်းအသုံးပြုသူဦးရေများပြားပါသည်။ သတင်းအချက်အလက်ရရှိစေရန်အတွက် ဖုန်း၊ရေဒီယိုနှင့်တီဗွီ အသုံးပြုသူများလည်း ရှိပါသည်။

၆.ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၇	၈၅	၁၄၂
အလယ်တန်း	၆၂	၅၃	၁၁၅
အထက်တန်း	၃၁	၂၈	၅၉
